(ဆ) **အဖွဲ့ဝင်သစ်စုဆောင်းခြင်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် အရောင်းကိုယ်စားလှယ်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်းနည်းလမ်းဖြင့် ရောင်းချခြင်း သို့မဟုတ် ပေးအပ်ခြင်း ဆောင်ရွက်ရန်အတွက် လူစုဆောင်းခြင်းကို ဆိုသည်။

(ဇ) **စီးပွားရေးလုပ်ငန်းရှင်** ဆိုသည်မှာ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဦးစီးဌာနတွင် ဤဥပဒေအရ မှတ်ပုံတင်ထားသည့်တစ်ဦးချင်းကိုသော်လည်းကောင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုသော်လည်းကောင်း ဆိုသည်။

(ဈ) **အရောင်းကိုယ်စားလှယ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူထံ တိုက်ရိုက်ရောင်းချခြင်းနည်းလမ်းဖြင့် ဖြန့်ဖြူးရောင်းချသူကို ဆိုသည်။

(ည) **အရောင်းစာချုပ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်နှင့် အရောင်းကိုယ်စားလှယ်တို့အကြား တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စာဖြင့်လက်မှတ်ရေးထိုးချုပ်ဆိုထားသော စည်းကမ်းချက်များ၊ ကတိကဝတ်များ၊ သဘောတူညီချက်များကို ဆိုသည်။

(ဋ) **ကုန်စည်ပြန်လည်အပ်နှံခြင်း** ဆိုသည်မှာ အရောင်းကိုယ်စားလှယ်က စီးပွားရေးလုပ်ငန်းရှင်ထံ အရောင်းစာချုပ်ပါ စည်ကမ်းချက်နှင့်အညီ ကုန်စည် ပြန်လည်အပ်နှံခြင်းကို ဆိုသည်။

(ဌ) **စားသုံးသူ** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန် မဟုတ်ဘဲ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်းပြုသူကို ဆိုသည်။

(ဍ) **ကုန်စည်** ဆိုသည်မှာ ဤဥပဒေအလို့ငှာ တိုက်ရိုက်ရောင်းချခြင်းပြုရန်အတွက် ထိတွေ့နိုင်သော သို့မဟုတ် အပြည့်အဝမထိတွေ့နိုင်သော၊ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ကုန်သွယ်နိုင်သည့်အရာကို ဆိုသည်။

(ဎ) **ဝန်ဆောင်မှု** ဆိုသည်မှာ ဤဥပဒေအရ တိုက်ရိုက်ရောင်းချခြင်းနည်းလမ်းကို အသုံးပြု၍ လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏ လိုအပ်ချက်ကို တန်ဖိုးဖြင့်ဖြစ်စေ၊ တန်ဖိုးမပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကို ဆိုသည်။

(ဏ) **ဆုကြေး** ဆိုသည်မှာ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို သတ်မှတ်စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်က အရောင်းကိုယ်စားလှယ်အား ပေးအပ်သည့် ငွေကြေး၊ ရပိုင်ခွင့် သို့မဟုတ် အခြားခံစားခွင့် တစ်ရပ်ရပ်ကို ဆိုသည်။

(တ) **သင်တန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် အရောင်းကိုယ်စားလှယ်က တိုက်ရိုက်ရောင်းချခြင်းပြုရာတွင်အထောက်အကူဖြစ်စေရန်အတွက်ဖြစ်စေ၊ အရောင်းကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန်အတွက်ဖြစ်စေ အသိပညာပေးခြင်း၊ ဟောပြောခြင်းနှင့် ဆွေးနွေးခြင်းများကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်စေခြင်းဖြင့် ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ခ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားများကို နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ ထိန်းကျောင်းကာကွယ်နိုင်ရန်၊

(ဂ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော် ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်။

## အခန်း(၃)

## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်းနှင့်ဦးစီးဌာနကို လမ်းညွှန်မှုပေးခြင်း၊

(ဂ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သော အစီအမံများချမှတ်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(င) ဦးစီးဌာန၏ အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း။

## အခန်း(၄)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သူကို မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ခ) မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောအချက်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) တိုက်ရိုက်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် စိစစ်ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များ ပြောင်းလဲရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်သက်တမ်းနှင့် မှတ်ပုံတင်ကြေးသတ်မှတ်ခြင်း၊

